# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၁၇ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၅–၁၀–၂၀၁၄ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသိန်းလွင်၊ ချောက် မဲဆန္ဒနယ်၏ **အခြားနိုင်ငံများ၌ သုံးစွဲပြီး စက်စွမ်းရည် ကျဆင်းနေသော ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်များကို တင်သွင်းလာမှု မရှိစေရေးအတွက် ညွှန်ကြားချက်နှင့် ထိန်းသိမ်းကြပ်မတ်မှုများ ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများရှိ ဆရာ၊ဆရာမများအား ပညာသင် ထောက်ပံ့ကြေး ထပ်မံတိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးအောင်ဇင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၏ **လယ်ယာလုပ်သားနှင့် ရွှေ့ပြောင်းလုပ်သားများအပြင် လက်လုပ်လက်စားများ အတွက် လူမှုစီးပွားရေးသာမက လူမှုနိုင်ငံရေးဘဝကိုပါ တည်ငြိမ်စေရေး အတွက် လူဦးရေဆိုင်ရာ ပေါ်လစီတစ်ရပ် ချမှတ်ရေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ **နိုင်ငံအဝှမ်း သင့်တင့်သော ကျေးရွာတိုင်း၌ စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်ပေးခြင်း၊ မြေအောက်ရေတွင်းများ တူးဖော်ပေးခြင်း နှင့် လျှပ်စစ်ဖြင့်ရေတင်ပေးခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဗိုလ်မှူးဇင်မျိုးလတ်၊ တပ်မတော်သားကိုယ်စားလှယ်၏ **နွေရာသီ၌ နှစ်စဉ်ကြုံတွေ့နေရသော သောက်သုံးရေ ရှားပါးမှု ပြဿနာများကို ဖြေရှင်းပေးနိုင်ရန် နှစ်တို/ နှစ်ရှည်စီမံကိန်းများ မည်ကဲ့သို့ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က **" ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၃/၉၉)ကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း၊

၇။ **" ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၃/၉၉)ကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

သို့မဟုတ်

လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေကြမ်းကို လက်ခံ ဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။